
**မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး**
**(Anti-Money Laundering and Countering the Financing of Terrorism-AML/CFT)**
**လုပ်ငန်းစဉ်များ အပေါ် အကဲဖြတ်ခြင်းဆိုင်ရာ**
**အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group-APJG) ၏ မျက်နှာစုံညီအစည်းအဝေးကို**
**၁၃-၁-၂၀၂၂ ရက်နေ့တွင်ကျင်းပခြင်း**

၁။ မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး (Anti-Money Laundering and Countering the Financing of Terrorism-AML/CFT) လုပ်ငန်းစဉ်များ အပေါ် အကဲဖြတ်ခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏တိုးတက်ဆောင်ရွက်ချက်များအား ဆွေးနွေးခြင်းဆိုင်ရာ အာရှ -ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group-APJG) ၏ မျက်နှာစုံညီ ညှိနှိုင်းအစည်းအဝေးကို ၁၃ -၁-၂၀၂၂ ရက် (ကြာသပတေးနေ့)၊ ၁၄:၃၀ အချိန်မှ ၁၈:၃၀ အချိန်ထိ Video Conferencing စနစ်ဖြင့် ကျင်းပခဲ့ပါသည်။

၂။ အစည်းအဝေးသို့ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေး အဖွဲ့ (Financial Action Task Force-FATF) နှင့် အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ (Asia Pacific Group-APG) အတွင်းရေးမှူးရုံးအဖွဲ့မှ ကိုယ်စားလှယ်များ၊အာရှပစိဖိတ်ဒေသပူးတွဲအဖွဲ့ (Asia Pacific Joint Group-APJG) မှ တွဲဘက်သဘာပတိများ၊ ဩစတြေးလျ၊ ကနေဒါ၊တရုတ်၊ ဥရောပကော်မရှင်၊ ဖီဂျီ၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ အီတလီ၊ဂျပန်၊ တရုတ် (မကာအို)၊ နယူးဇီလန်၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုအပါအဝင် APJG အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ် (၃၀) ဦး တက်ရောက်ခဲ့ပါသည်။

၃။ မြန်မာနိုင်ငံဘက်မှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ တရားစီရင်ရေးကြီးကြပ်မှုရုံး၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာနနှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ ကိုယ်စားလှယ် (၂၃) ဦး တက်ရောက်ခဲ့ပြီး နိုင်ငံပေါင်း (၁၀) နိုင်ငံ၊ အဖွဲ့အစည်း (၃) ဖွဲ့ (FATF၊ APG၊ EU) တို့မှ ကိုယ်စားလှယ်စုစုပေါင်း (၃၀) ဦး တက်ရောက်ခဲ့ပါသည်။

၄။ အစည်းအဝေးတွင် APJG အဖွဲ့၏ Co-chair ဖြစ်သူ Mr. Yogpal Singhနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့မှ အဖွင့်အမှာစကားများ ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ၏ AML/CFT ဆိုင်ရာ တိုးတက်ဆောင်ရွက်မှုများအား အပြန်အလှန်ဆွေးနွေးခဲ့ကြပါသည်။


FATF Secretariat: Mei-Lin W...
Myanmar: Kyi Kyi Win (FRD,...
FATF Secretariat: Charles P...
China-Su HAN
European Commission - M...
APJG Co-Chair: Yogpal Singh
Myanmar: Than Than Swe
US Sabina Kook
Canada: Grant Fortier
APG Secretariat - Joëlle W...
APG Secretariat: Gavin Rap...
Japan: Yusuke Yatsu
Myanmar: MFIU
Myanmar: ACC
APJG Co-Chair: Connie Chu
Forest Department
APG Secretariat: Mitali Tyagi
Germany - Jan Lellek
Macao: Jose Carapinha
Australia: Jack Matthews
Myanmar: myat su thin
Myanmar: Pol Lt Col Thet ...
India: Bibekananda Bhatta...
India: Shailesh Thakur
China - Rui LIU